# နအဖကိုအပြည်ပြည်ဆိုင်ရာတရားရုံးမှာတရားစွဲဆိုဘို့ လိုပြီ

အယ်ဒီတာ့အာဘော်
**Rebound 88, May 8 2006**

စစ်အုပ်ချုပ်သူများက ယခုနှစ်ဆန်းပိုင်းကစပြီး ၄င်းတို့အာဏာတည်မြဲရေးကို ခြိမ်းခြောက်လာနိုင်သည့် အင်အားစုတွေကို အပြီးတိုင်ချေမှုန်းရန် နှင့် စစ်ဘက်မှ ရေရှည် အာဏာဆက်လက်ဆွဲကိုင်သွားရေးအတွက် ရေရှည်မဟာဗျူဟာတွေ ချမှတ်လာပြီဆိုတာ ပြီးခဲ့သောသီတင်းပါတ်များအတွင်းက လှုပ်ရှားမှုများနဲ့ ထွက်ပေါ်လာတဲ့စာရွက်စာတမ်းများမှသက်သေခံနေကြ ပါတယ်။

အသစ်တည်ဆောက်ပြီးစီးသွားတဲ့ စစ်ဘက်အုပ်ချုပ်ရေးအတွက် ချေကုတ်ယူထားတဲ့ ပျဉ်းမနားဒေသ တဝိုက်ဖြစ်တဲ့ တောင်ငူ၊ ညောင်လေးပင်၊ ရွှေကျင် နဲ့ ကျောက်ကြီးမှာရှိတဲ့ကရင်နဲ့မွန်လူမျိုးစု အရပ်သားတွေကို ဖြတ်လေးဖြတ် ပုံစံမျိုးနဲ့ ရက်ရက်စက်စက် ထိုးနှက်ချေမှုန်းလာတာတွေ့ခဲ့ရပြီးဖြစ်ပါတယ်၊ နောက်ရည်ရွယ်ချက် တခုကလည်း မြို့တော်ရန်ကုန်မှာ ဗုံးပေါက်ကွဲမှုတွေ ဆက်တိုက်လို ဖြစ်နေတာကြောင့် ၄င်းတို့မှ အမြဲတမ်းလက်သည်တရားခံလို ယူဆနေတဲ့ KNU အဖွဲ့ကို အစွဲရေးမှ ပါလက်စတိုင်းများအား Tit-for-Tat ပုံစံမျိုး ထိုးစစ်ဆင်ခဲ့သလို ပြန်လည် လက်စားချေတဲ့ သဘောပြုလုပ်တာလည်း တကြောင်းပါဝင်ပါတယ်၊ မည်သို့ပင် ဆိုစေ ယင်းရက်စက်ပြီး လူမဆန်တဲ့ လုပ်ရပ်များကြောင့် ကရင်အရပ်သားထောင်ချီပြီး နယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်လာခဲ့ရသလို၊ မပြေးနိုင်တဲ့ အချို့မှာ တောထဲလှည့်လည် ပုန်းအောင်းနေကြရပါတယ်၊ အချို့မှာ နှိပ်စက်ညှင်းပမ်းခြင်းခံကြရပြီး၊ အချို့မှာ အသတ်ခံခဲ့ကြရသည်။ ဒီဖြစ်ရပ်တွေကို ဓါတ်ပုံ၊ ဗွီဒီယိုများနဲ့ မှတ်တမ်းရိုက်ယူခဲ့တဲ့ပုံများဟာ ကမ္ဘာ့သတင်းစာအသီးသီးမှာ ပါရှိလာခဲ့တာကြောင့်ဗုဒ္ဓဘာသာဝင် ဘုရားဒကာ ကျောင်းဒကာ ဆိုသူများရဲ့ ရက်စက်မှုများဟာ မယုံကြည်နိုင်စရာ ဖြစ်ခဲ့ရပါတယ်၊

မြန်မာပြည် ဖက်ဆစ်ဆန့်ကျင့်ရေးနဲ့ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲများအတွက် မွေးဖွားလာခဲ့တဲ့ မြန်မာ့တပ်မတော်ဟာ အခုဆိုရင် ဖက်ဆစ်အာဏာရှင်များ အာဏာတည်မြဲရေးနဲ့ အမျိုးသားများအား ဖိနှိပ်ချုပ်ချယ်ဘို့အတွက် လက်ကိုင်တုတ်အဖြစ် အသုံးချခံနေရတဲ့အပြင် ကမ္ဘာ့အလယ်မှာ လူသတ်၊ မုဒိမ်းမှုတွေ ကျူးလွန်တဲ့ လူမနိုင်သားများနဲ့ ဖွဲ့စည်းထားတဲ့ လူရမ်းကားတပ်ကြီးအဖြစ် ဂုဏ်သိက္ခာလျောကျခဲ့ရတာကတော့ အလွန်မှ ရင်နာစရာကောင်းလှပါတယ်။ ယင်းလုပ်ရပ်များဟာ နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ တည်တံ့ခိုင်မြဲရေးကို အကြီးအကျယ် ခြိမ်းခြောက်လာနိုင်စရာ ရှိတာမို့ ထို့အတွက်



မြန်မာနိုင်ငံ၏အာဏာရှင်လက်သစ်
ဗိုလ်သန်းရွှေ
သူ၏အမြော်အမြင်နည်းပါးမှု ကြောင့်
တိုင်းပြည်မှာနစ်နာလှပေပြီ

နအဖ စစ်အုပ်ချုပ်သူများမှာ အဓိကတာဝန်ရှိ နေပါတယ်။

နောက်ထပ် မဟာဗျူဟာတရပ်ကတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ရွှေဂုံတိုင်ရုံးချုပ်မှာ အဖိုးကြီးများလောက်သာ ရုံးထိုင်နေတဲ့ အဖွဲ့အစည်းတရပ်အဖြစ် ကျန်တော့တဲ့အထိ ရည်ရွယ်ပြုလုပ်လာတာကို တွေ့ရပါမယ်၊ စစ်အစိုးရဟာ အင်အဲလ်ဒီကို မတရားအသင်း ကြေငြာမယ်လို့ မယူဆပါဘူး၊ အဲ့သည်လို လုပ်ခြင်းအားဖြင့် စစ်တပ်အတွက် ၄င်းတို့အလွယ်တကူ စောင့်ကြည့်နေလို့ရတဲ့ လူတွေ မြေပေါ်ကနေ မြေအောက်ရောက်သွားနိုင်ပြီး လှုပ်ရှားမှုတွေဟာ ပြင်းထန်လာနိုင်ပါတယ်၊ အခုတောင် အင်အဲလ်ဒီ လူငယ်အဖွဲ့ဝင်များမှ ခေါင်းဆောင်ပိုင်းအနေနဲ့ တရားဝင်နိုင်ငံရေးပါတီအဖြစ် ရှင်သန်ရပ်တည်နိုင်အောင် ပေးဆပ်နေရတဲ့တန်ဘိုးက ကြီးလွန်းလှတယ်လို့ ယူဆနေခဲ့ကြတာကြာပါပြီ၊ ဒ့ါအပြင်သူတို့ရဲ့ဒီမိုကရေစီ ကြွေးကြော်သံများ

ဟာလည်း ကမ္ဘာ့အလည်မှာ ပိုပြီးအယုံအကြည် မဲ့သွားနိုင်တာကြောင့် တရုတ်ကတောင် လက်ခံနိုင်မယ့် အနေအထားမှာ မရှိပါဘူး၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပြည်သူ ၅၂ သန်းလုံးမှ သူတို့အား စစ်ဘီနပ်အောက်မှ လွတ်မြောက်ရေး မျှော်လင့်ချက်ရောင်ခြည် တခုအဖြစ် ရင်ထဲမှာ ကိန်းအောင်းလက်ခံထားခဲ့ကြပါတယ်၊

စစ်အစိုးရအဘို့ လူအများ အိမ်မက်ထဲမှာ ထည့်မက်နေရင်တောင် သူတို့အတွက် အန္တရာယ်မသေးဘူးလို့ ယူဆနေတာကြောင့် ဒေါ်အောင်ဆန်းစုကြည်နဲ့ အင်အဲလ်ဒီကို လူထုမှ မြေပေါ်အဖျက်သမားများအဖြစ်ရှုမြင်ရေးနဲ့ နိုင်ငံရေးအရ လက်တဆုပ်စာသာ ကျန်တော့ပြီး မည်သို့မှ ရပ်တည်၍ မရအောင် ပြုလုပ်သွားဘို့ တကယ်တမ်းရည်ရွယ်တာဖြစ်နိုင်ပါတယ်၊ တပ်ချုပ်ကြီးမှရွေးကောက်ပွဲ လုပ်မယ့်အချိန်ရောက်ရင် အင်အဲလ်ဒီဟာ အလိုလိုနေယင်း ဘေးရောက်သွားအောင် ရည်ရွယ်တာပါ၊ ၁၉၉၀ က အမှားမျိုးကို တပ်ချုပ်ကြီးမှ အဖြစ်မခံတော့ပါဘူး၊ အဲ့တာကြောင့် အင်အဲလ်ဒီ ကို လည်းနိုင်ငံရေးအရ ဖြတ်လေးဖြတ် ပုံစံမျိုး လေးလေးနက်နက် စီမံကိန်းနဲ့ စတင်ဆင်နွှဲလာခဲ့ကြပါ တယ်။

**ကျူးလွန်ခဲ့တဲ့ န–အ–ဖ ကို အပြည်ပြည်ဆိုင်ရာ တရားရုံးမှာ တရားစွဲဆိုဘို့ တောင်းဆိုတဲ့ လုပ်ရပ်အား**

နောက်မဟာဗျူဟာတခုကတော့ ညူကလီးယားစီမံကိန်းပါ၊ စစ်အစိုးရရဲ့ ညူကလီးယား အကြံအစည်များဟာ လက်ရှိအမှန်တရားနဲ့ ဝေးကွာလွန်းလှတာမို့ မဖြစ်နိုင်ဘူး၊ လုပ်ခဲ့ရင်တောင် ၄င်းတို့ ပြောကြားခဲ့သလို စွမ်းအင်အတွက်သာ ဖြစ်မယ်လို့ ခန့်မှန်းခဲ့ကြပါတယ်၊ ဒီခန့်မှန်းပြောကြားချက်များကိုယ်၌က အမှန်တရားနဲ့ ဝေးကွာလွန်းနေတာ တွေ့ရပါမယ်၊ ညူကလီယား ထုတ်လုပ်ဘို့ ကြိုးစားနေတဲ့ မည်သည့်နိုင်ငံကမှ ညူကလီးယားလက်နက်များအတွက်ဆိုပြီး စတင်ကြွေးကြော်ခဲ့ကြတာ မဟုတ်ပါဘူး၊ ၁၉၆၈ ခု ညူကလီးယား မပြန့်ပွားရေး စာချုပ်ကို မြန်မာလည်း ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါ စာချုပ်အရ နိုင်ငံတိုင်း သည် စာချုပ်ပါ စည်းမျဉ်းများကို လိုက်နာပြီး နိုင်ငံတကာ အနုမြူစွမ်းအင် အေဂျင်စီ၏ စောင့်ကြပ်စစ်ဆေးမှုကို ခံယူမည်ဆိုက ညူကလီးယား လောင်စာကို စွမ်းအင်အရင်းအမြစ်အဖြစ် အသုံးချနိုင်ရေးအတွက် ညူကလီးယား ဓါတ်အားပေးစက်ရုံများ တည်ဆောက်ခွင့်ရှိပါတယ်။ ယင်းအတွက် မြန်မာမှလည်း ၄င်းတို့ အသစ်တူးဖေါ်တွေ့ရှိလာတဲ့ သဘာဝဓါတ်ငွေ့အရံတွင်းများကို အခွင့်အရေးတရပ်အဖြစ် အသုံးချကာ ယင်းစီမံကိန်းကို စတင်အကောင်အထည်ဖေါ်ဘို့ လွန်ခဲ့တဲ့ ၃ နှစ်လောက်ကစပြီး ရုရှားနဲ့ အပေးအယူ ပြုလုပ်လာပါတယ်၊ လွန်ခဲ့တဲ့လ အတွင်း မောင်အေး ရုရှားကို သွားခဲ့ရတာကလည်း ယင်းစီမံကိန်းကို ပြန်လည်အသက်သွင်းရေးနဲ့ နည်းပညာများနဲ့ ကျွမ်းကျင်မှုတွေ ရရှိဘို့ အသေးစိတ်စီစဉ်ဘို့က အဓိက အကြောင်းတကြောင်းအဖြစ်ပါဝင်ပါတယ်၊ မြောက်ကိုရီးယားက ညူကလီယား လက်နက် စမ်းသပ်ပြီးစီးချိန်ကစလို့ အနောက်ရဲ့ ခြိမ်းခြောက်မှုတွေ ရပ်တန့်သွားခဲ့တယ်ဆိုတာ စစ်အုပ်ချုပ်သူများ အနေနဲ့ မရိပ်စားမိဘဲ မနေပါဘူး၊

ရုရှားနဲ့မြောက်ကိုရီးယားမှနည်း ပညာများနဲ့ ညူကလီယားစက်ရုံ အောင်မြင်စွာတည်ဆောက်ပြီးစီးခဲ့ရင် သန့်စင်ပြီး သားယူရေနီယံလောင်စာကိုအသုံးပြုပြီးလျှပ်စစ်စွမ်းအင် ထုတ်လုပ်နိုင်သလို၊ တဆင့်တိုးပြီး ယင်းစက်ရုံများမှ လက်နက်ထုတ် လုပ်နိုင်တဲ့ ပလူတိုနီယံကို တချိန် တည်းမှာ ထုတ်လုပ်နိုင်စွမ်းရှိပါတယ်၊ စစ်အစိုးရအနေနဲ့ ညူကလီးယားစက်ရုံများမှာ တဆင့် တိုးပြီး လက်နက်အဖြစ် ထုတ်လုပ်လို့ အချိန်မရွေးရ နိုင်တာမို့ န–အ–ဖ ရဲ့ အကြံအစည်ကို ဘယ်လိုမှ လျှော့တွက်လို့ မရပါဘူး။ အောင်မြင်သွားလို့ကတော့ စစ်တပ်ဟာ အာဏာကို ခိုင်မြဲသည် ထက် ခိုင်မြဲလာမှာတော့မြေကြီးလက်ခတ်မလွဲပါဘူး၊ နိုင်ငံစည်ပင်တိုးတက်ရေးဟာ ၄င်းတို့အာဏာတည်တံခိုင်မြဲရေးထက် ဘယ်တုန်း ကမှရှေ့တန်း မရောက်ခဲ့ပါဘူး။

ထို့အတွက်စစ်အစိုးရရဲ့ အမူအကျင့်တွေ ပြောင်းလဲလာဘို့ကတော့ ကတ္တီပါလက်အိတ်နဲ့ မရတော့ပဲ သံလက်သီး သုံးရမယ့် အနေအထားမှာ ရှိနေပါတယ်၊ မကြာမီကနယူးယောက် မှာ အခြေစိုက်တဲ့ လူ့အခွင့်အရေးအဖွဲ့က စစ်အစိုးရရဲ့ လူမျိုးရေးအရ နှိပ်ကွပ်သုတ်သင်နေတာတွေကို ပြင်းပြင်းထန်ထန် ရှုတ်ချပြီးပြီးခဲ့တဲ့ ဧပြီလ ၂၈ ရက်နေ့က ချမှတ်ခဲ့တဲ့ လုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်အမှတ် ၁၆၇၄ နဲ့အညီ ကုလသမဂ္ဂမှ စုံစမ်းရေးကော်မရှင်ဖွဲ့ပြီး စစ်ရာဇဝတ်မှုများနဲ့ လူသားများအပေါ် ကျူးလွန်တဲ့ လူမဆန်တဲ့ လုပ်ရပ်များကို ၁၉၈၈ ကတည်းက ကျူးလွန်ခဲ့တဲ့ န–အ–ဖ ကို အပြည်ပြည်ဆိုင်ရာ တရားရုံးမှာ တရားစွဲဆိုဘို့ တောင်းဆိုတဲ့ လုပ်ရပ်အား မှန်ကန်သော တောင်းဆိုမှုတရပ်အဖြစ် ကြိုဆိုလိုက်ပါတယ်။